# သင့် ပထမဆုံးထောက်ပံ့ကြေးကို မည်သည့်အချိန်တွင် ရမည်နည်း။

ကျွန်ုပ်တို့ထံမှ သင် ထောက်ပံ့ကြေးလျှောက်ထားသည့်အခါ သင့်ကို ချက်ခြင်းပေးကောင်းပေးလိမ့်မည်မဟုတ်ပါ။

သင်စောင့်ဆိုင်းရသောအချိန်ကို စောင့်ဆိုင်းကာလ ဟုခေါ်သည်။ စောင့်ဆိုင်းရပုံ အမျိုးမျိုးရှိပါသည်။ သင့်အခြေအနေနှင့် သင် လျှောက်ထားသော ထောက်ပံ့ကြေးပေါ်တွင် မူတည်သည်။

အကယ်၍သင်သည် ဩစတြေးလျားနိုင်ငံသို့ ဩစတြေးလျားနိုင်ငံ အမြဲတန်း ဒုက္ခသည် သို့မဟုတ် လူသားခြင်း စာနာထောက်ထားမှု ဗီဇာအရ ရောက်လာခဲ့လျှင် ထောက်ပံ့ကြေးများ လျှောက်ထားရာ၌ သင် စောင့်ဆိုင်းရန် မလိုပါ။ သင် ချက်ခြင်း လျှောက်ထားနိုင်ပါသည်။

Family Tax Benefit (မိသားစု အခွန်သက်သာစေမည့် အစီအစဉ်)၊ Child Care Subsidy (ကလေးထိန်းရန် ထောက်ပံ့ငွေ)၊ Additional Child Care Subsidy (ကလေးထိန်းရန် အပိုပေးဆောင် ထောက်ပံ့ငွေ)၊ Parental Leave Pay (ကလေးထိန်းရန် ခွင့်ယူချိန် ထောက်ပံ့ငွေ) ၊ Dad and Partner Pay (ဖခင်နှင့် ကြင်ဖော်ကြင်ဖက် ထောက်ပံ့ကြေး)၊ နှင့် Double Orphan Pension (မိဘနှစ်ပါးလုံးကွယ်လွန်သွားသူ ပင်စင်) ကဲ့သို့သော ကျွန်ုပ်တို့၏ ထောက်ပံ့ကြေးများသည် စောင့်ဆိုင်းကာလ မရှိကြပါ။ သင် ချက်ခြင်း လျှောက်ထားနိုင်ပါသည်။ ထောက်ပံ့ကြေး ပေးနိုင်ရန်အတွက် သင်သည် စည်းကမ်းသတ်မှတ်ချက်အချို့နှင့် ကိုက်ညီရန် လိုအပ်ပါသည်။

## အကယ်၍သင်သည် ဩစတြေးလျားနိုင်ငံကို မကြာသေးမီက ရောက်လာခဲ့လျှင် စောင့်ဆိုင်းချိန်

အကယ်၍သင်သည် ဩစတြေးလျားနိုင်ငံကို မကြာသေးမီက ဩစတြေးလျားနိုင်ငံတွင် နေထိုင်သူအဖြစ် ရောက်လာခဲ့လျှင် ကျွန်ုပ်တို့၏ ထောက်ပံ့ကြေးအများစုနှင့် အခြား အကျိုးခံစားခွင့်များမရနိုင်မီ သင် 104 ပါတ် စောင့်ရမည်ဖြစ်ပါသည်။ ဤကာလကို newly arrived resident’s waiting period (အသစ်ရောက်လာသော နေထိုင်သူများအတွက် စောင့်ဆိုင်းကာလ) ဟု ခေါ်ပါသည်။

သင့်အနေနှင့် ဩစတြေးလျားနိုင်ငံ အမြဲတန်းနေထိုင်သူ ဗီဇာကို မဖြစ်မနေ လျှောက်ထားရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိရမည် ဖြစ်ပါသည်။ စောင့်ဆိုင်းကာလသည် သာမန်အားဖြင့် သင့် အမြဲတန်းနေထိုင်ခွင့်ဗီဇာ စတင်သောနေ့မှ စတင်ပါသည်၊ သင် ဩစတြေးလျားနိုင်ငံကို ရောက်သောနေ့မှ မစတင်ပါ။

အကယ်၍သင်သည် ဩစတြေးလျားနိုင်ငံနှင့် လူမှုဖူလုံရေးဆိုင်ရာ သဘောတူညီချက်ရှိသောနိုင်ငံတွင် နေထိုင်ခဲ့ပါက သင့်အနေနှင့် -

- Age Pension (သက်ကြီးပင်စင်)
- Disability Support Pension (မသန်မစွမ်းသူ အထောက်အပံ့ ပင်စင်)၊ သို့မဟုတ်
- Carer Payment (ပြုစုစောင့်ရှောက်သူ လုပ်အားခ ပေးငွေ)

သင့်နိုင်ငံသည် ကျွန်ုပ်တို့နှင့် သဘောတူညီချက် ရှိမရှိ သိနိုင်ရန် **humanservices.gov.au/issa** တွင်ရှာကြည့်ပါ။

### သင် အဘယ်ကြောင့် စောင့်ဆိုင်းရန် မလိုအပ်သနည်း။

အကယ်၍သင်သည် အောက်ပါအချက်များနှင့် ပြည့်စုံပါက စောင့်ဆိုင်းခြင်းမှ ကင်းလွတ်ခွင့်ရှိသည် -

- ဩစတြေးလျားနိုင်ငံသား ဖြစ်ခြင်း

- သတ်မှတ်ထားသော ဗီဇာအဆင့်ခွဲ ကိုင်ဆောင်ထားသူဖြစ်ခြင်း၊ သို့မဟုတ်
- ဒုက္ခသည် သို့မဟုတ် လူသားခြင်း စာနာထောက်ထားမှု ဗီဇာအရ ပြောင်းရွှေ့ရောက်ရှိလာသူ၏ မိသားစုဝင်ဖြစ်ခြင်း

## စောင့်ဆိုင်းချိန် တစ်ပါတ်

အကယ်၍သင်သည် အောက်ဖော်ပြပါ ထောက်ပံ့ကြေးများထားပါက သင့်ထောက်ပံ့ကြေးများ ရရှိနိုင်ရန် တစ်ပါတ် စောင့်ဆိုင်းရန် လိုအပ်နိုင်ပါသည် -

- Newstart Allowance (အလုပ်သစ်ရှာစဉ် ထောက်ပံ့ကြေး)
- Parenting Payment (ကလေးငယ်ရှိသည့်မိဘများကိုပေးသည့် ထောက်ပံ့ကြေး)
- Youth Allowance (အရွယ်မရောက်သေးသော လူငယ်များကိုပေးသည့် ထောက်ပံ့ကြေး) သို့မဟုတ်
- Sickness Allowance (နာမကျန်းမှု ထောက်ပံ့ကြေး)

၎င်းကို ordinary waiting period (သာမန်စောင့်ဆိုင်းကာလ) ဟုခေါ်သည်။

## သင် စောင့်ဆိုင်းရန် မလိုအပ်ရခြင်းအကြောင်း

အကယ်၍သင်သည် အောက်ပါအချက်များနှင့်ကိုက်ညီပါက စောင့်ဆိုင်းခြင်းမှ ကင်းလွတ်ခွင့် ရှိပါသည် -

- ကျွန်ုပ်တို့ထံမှ ထောက်ပံ့ကြေး သို့မဟုတ် Department of Veterans' Affairs Service Pension (စစ်ပြန်စစ်မှုထမ်းဟောင်းများရေးရာ ဝန်ဆောင်မှု ပင်စင်) ရနေစဉ်ကာလ၏ 13 ပါတ်အတွင်း ပြန်လည်လျှောက်ထားခြင်း သို့မဟုတ်
- အလုပ်အကိုင်ရှာဖွေရာ၌သိသာထင်ရှားသော အခက်အခဲအတားအဆီးများ ရှိနေကြောင်း ဖော်ထုတ်သိရှိရလျှင် တို့ဖြစ်သည်။

အကယ်၍သင်သည် လွန်ခဲ့သော လေးပါတ်ကာလအတွင်း ဖြစ်ပွားခဲ့သော ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်သည့် အရေးပေါ် အခြေအနေတစ်ခုကြောင့် လွန်ကဲဆိုးဝါးသော ငွေကြေးအခက်အခဲ တွေ့ကြုံနေရလျှင် ကျွန်ုပ်တို့က ဤစောင့်ဆိုင်းကာလကို လျှော့ပေါ့စဉ်းစားကောင်း စဉ်းစားပေးနိုင်သည်။ ကျွန်ုပ်တို့ အထောက်အထား လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

## အကယ်၍သင့်မှာ စုဆောင်းငွေသို့မဟုတ် အခြားငွေများ ရှိနေပါက စောင့်ဆိုင်းချိန်

အကယ်၍သင်သို့မဟုတ် သင့်အိမ်ထောင်ဖက်သည် သတ်မှတ်ပမာဏထက်ကျော်လွန်သော စုဆောင်းငွေ သို့မဟုတ် အခြားငွေများ ရှိနေပါက သင့် ထောက်ပံ့ကြေးရရန်အတွက် သင် စောင့်ဆိုင်းကောင်း စောင့်ဆိုင်းရလိမ့်မည် ဖြစ်ပါသည်။ ဤငွေထဲတွင် သင့်အလုပ်ရှင်က သင့်ကို ပေးရန်ရှိသောငွေလည်း ပါဝင်သည်။

သင့်တောင်းခံချက်တင်ပြသည့်အခါ သင် အချိန်မည်မျှကြာကြာ စောင့်ရမည်ဆိုသည်ကို ကျွန်ုပ်တို့ သင့်အား အသိပေးပါမည်။ ၎င်းကို liquid assets waiting period (ငွေပေါ်လွယ်သော ပိုင်ဆိုင်မှုများအတွက် စောင့်ဆိုင်းကာလ) ဟုခေါ်သည်။ သင့်ထံတွင် အောက်ဖော်ပြပါပမာဏနှင့်ညီသော သို့မဟုတ် ပိုသော ငွေကြေးရှိနေပါက ဤအချက်က အကျုံးဝင်သည် -

- အကယ်၍သင်သည် မှီခိုသူမရှိသော လူလွတ်ဖြစ်ပါက $5 500 သို့မဟုတ်
- အကယ်၍သင့်မှာ အိမ်ထောင်ရှိလျှင် သို့မဟုတ် မှီခိုသူကလေးများနှင့် တစ်ဦးတည်းနေထိုင်သောသူဖြစ်ပါက $11 000

 

ဤအချက်သည် အောက်ဖော်ပြပါ ထောက်ပံ့ကြေးများနှင့် သက်ဆိုင်သည် -

- Newstart Allowance (အလုပ်သစ်ရှာစဉ် ထောက်ပံ့ကြေး)
- Sickness Allowance (နာမကျန်းမှု ထောက်ပံ့ကြေး)
- Youth Allowance (အရွယ်မရောက်သေးသော လူငယ်များကိုပေးသည့် ထောက်ပံ့ကြေး) နှင့်
- Austudy (ပညာသင်ကြားရန် ထောက်ပံ့ကြေး) တို့ဖြစ်သည်။

## သင် စောင့်ဆိုင်းရန် မလိုအပ်ရခြင်းအကြောင်း

အကယ်၍သင်သည် အောက်ပါအချက်များနှင့်ကိုက်ညီပါက စောင့်ဆိုင်းခြင်းမှ ကင်းလွတ်ခွင့် ရှိပါသည် - သင်

- သို့မဟုတ် သင့်အိမ်ထောင်ဖက်သည် ပြီးခဲ့သော 12 လ ကာလတွင် ဤစောင့်ဆိုင်းချိန်အတိုင်း စောင့်ပြီး ဖြစ်ခဲ့လျှင်
- ထောက်ပံ့ကြေးတစ်ခုမှ နောက်တစ်ခုသို့ 14 ရက်အတွင်း ပြောင်းခြင်းဖြစ်လျှင်
- အခြားထောက်ပံ့ကြေးတစ်ခု ရရှိပြီး Newstart Allowance (အလုပ်သစ်ရှာစဉ် ထောက်ပံ့ကြေး) ရရန် လိုအပ်ချက်ပြည့်မီလျှင်
- သင်သည် -
  - ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ခုတွင် ပါဝင်လျှင်
- သင့် jobactive ပံ့ပိုးပေးသူနှင့် Stream C (လမ်းကြောင်း C) ဆိုင်ရာ လုပ်ဆောင်မှု ပြုလုပ်နေလျှင် သို့မဟုတ်
  - Community Development Programme (လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် လုပ်ရှားမှုတစ်ခုခုမှာ ပါဝင်ဆောင်ရွက်နေလျှင် တို့ဖြစ်ပါသည်။

အကယ်၍သင်သည် မလွဲမရှောင်သာသော သို့မဟုတ် သဘာဝကျ ယုတ္တိရှိသော ငွေကြေးကုန်ကျမှုများကြောင့် လွန်ကဲဆိုးဝါးသော ငွေကြေးအခက်အခဲတွေ့ကြုံနေရလျှင် ကျွန်ုပ်တို့က ဤစောင့်ဆိုင်းကာလကို သက်ညှာခွင့် ပေးကောင်းပေးနိုင်သည်။ ကျွန်ုပ်တို့ အထောက်အထား လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

## အကယ်၍သင့်မှာ အလုပ်ပြီးပြတ်သဖြင့် တစ်လုံးတစ်ခဲတည်းငွေ ရရှိပါက စောင့်ဆိုင်းချိန်

အကယ်၍သင်သည် နာမကျန်းခွင့်ယူခြင်း၊ သာမန်ခွင့်ယူခြင်း၊ သို့မဟုတ် ပိုလျှံဝန်ထမ်းအဖြစ် အလုပ်မှ အနားပေးခံရခြင်း စသည်တို့ကြောင့် အလုပ်မှထွက်သည့်အခါ သင့်အလုပ်ရှင်က သင့်အား တစ်လုံးတစ်ခဲတည်းငွေ ပေးပါက သင့်အနေနှင့် ကျွန်ုပ်တို့ထံမှ ထောက်ပံ့ကြေးရရန်အတွက် စောင့်ရန် လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။ ၎င်းကို income maintenance period (ဝင်ငွေ မရရှိနိုင်သောကာလ) ဟုခေါ်သည်။

သင် စောင့်ရမည့် အချိန်ကာလသည် သင်အလုပ်မှနားစဉ်က သင် သို့မဟုတ် သင့်အိမ်ထောင်ဖက် ရရှိခဲ့သော ငွေပမာဏပေါ်တွင် မူတည်ပါမည်။

၎င်းသည် အောက်ဖေါ်ပြပါ ထောက်ပံ့ကြေးများနှင့် သက်ဆိုင်သည် -

- Austudy (ပညာသင်ကြားရန် ထောက်ပံ့ကြေး)
- Disability Support Pension အကယ်၍သင်သည် လုံးဝ မျက်စေ့မမြင်နိုင်တော့ခြင်းမှအပ (မသန်မစွမ်းသူ အထောက်အပံ့ ပင်စင်)
- Newstart Allowance (အလုပ်သစ်ရှာစဉ် ထောက်ပံ့ကြေး)
- Parenting Payment (ကလေးငယ်ရှိသည့်မိဘများကိုပေးသည့် ထောက်ပံ့ကြေး)

- Sickness Allowance (နာမကျန်းမှု ထောက်ပံ့ကြေး)
- Widow Allowance (မုဆိုးမ ထောက်ပံ့ကြေး)
- Youth Allowance (other) (အရွယ်မရောက်သေးသော လူငယ်များကိုပေးသည့် ထောက်ပံ့ကြေး) (အခြား) တို့ဖြစ်သည်။

## သင် စောင့်ဆိုင်းရန် မလိုအပ်ရခြင်းအကြောင်း

အကယ်၍သင်သည် လွန်ကဲဆိုးဝါးသော ငွေကြေးအခက်အခဲတွေ့ကြုံနေရလျှင် ကျွန်ုပ်တို့က ဤစောင့်ဆိုင်းကာလကို လျှော့ပေးခြင်း သို့မဟုတ် သက်ညှာခွင့်ပေးခြင်း ပြုကောင်းပြုနိုင်ပါသည်။ ဤသို့ပြုရခြင်းမှာ သင်က သင့်အလုပ်ရှင်ထံမှ နောက်ဆုံးလစာကို မလွဲမရှောင်သာသော သို့မဟုတ် သဘာဝကျ ယုတ္တိရှိသော ငွေကြေးကုန်ကျမှုများအတွက် အသုံးပြုလိုက်ရခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့ အထောက်အထား လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

## အကယ်၍သင်သည် မကြာသေးမီက ရာသီအလိုက် လုပ်ရသောအလုပ် သို့မဟုတ် စာချုပ်ဖြင့်ငှားရမ်းသောအလုပ် ပြီးဆုံးပါက စောင့်ဆိုင်းချိန်

အကယ်၍သင် သို့မဟုတ် သင့်အိမ်ထောင်ဖက်သည် ထောက်ပံ့ကြေးမလျှောက်ထားမီ ခြောက်လကာလအတွင်း ရာသီအလိုက် လုပ်ရသောအလုပ် သို့မဟုတ် စာချုပ်ဖြင့်ငှားရမ်းသောအလုပ် သို့မဟုတ် ရံဖန်ရံခါလုပ်ရသောအလုပ် လုပ်ခဲ့ပါက သင့်အနေနှင့် ကျွန်ုပ်တို့ထံမှ ထောက်ပံ့ကြေးရရန်အတွက် စောင့်ကောင်းစောင့်ရပါလိမ့်မည်။ သင် စောင့်ရမည့် အချိန်ကာလသည် သင် မည်မျှဝင်ငွေရခဲ့သည် ထို့အပြင် မည်မျှကြာကြာ အလုပ်လုပ်ခဲ့သည် ဆိုသည့်အပေါ်တွင် မူတည်ပါမည်။

၎င်းကို seasonal work preclusion period (ရာသီပေါ်အလုပ်လုပ်ခြင်းကြောင့် တားဆီးထားသောကာလ) ဟုခေါ်ပါသည်။ ၎င်းသည် အောက်ဖော်ပြပါ ထောက်ပံ့ကြေးများနှင့် သက်ဆိုင်သည် -

- Austudy (ပညာသင်ကြားရန် ထောက်ပံ့ကြေး)
- Carer Payment (ပြုစုစောင့်ရှောက်သူ လုပ်အားခ ပေးငွေ)
- Disability Support Pension အကယ်၍သင်သည် လုံးဝ မျက်စေ့မမြင်နိုင်တော့ခြင်းမှအပ (မသန်မစွမ်းသူ အထောက်အပံ့ ပင်စင်)
- Newstart Allowance (အလုပ်သစ်ရှာစဉ် ထောက်ပံ့ကြေး)
- Parenting Payment (ကလေးငယ်ရှိသည့်မိဘများကိုပေးသည့် ထောက်ပံ့ကြေး)
- Partner Allowance (အိမ်ထောင်ဖက် ထောက်ပံ့ကြေး)
- Sickness Allowance (နာမကျန်းမှု ထောက်ပံ့ကြေး)
- Special Benefit (အထူးအခွင့်အရေး) အကယ်၍သင်သည် သတ်မှတ်အမည်စာရင်းပေးထားသော ဗီဇာ ကိုင်ဆောင်သူဖြစ်ပါက
- Widow Allowance (မုဆိုးမ ထောက်ပံ့ကြေး)
- Youth Allowance (အရွယ်မရောက်သေးသော လူငယ်များကိုပေးသည့် ထောက်ပံ့ကြေး)

ရာသီအလိုက် လုပ်ရသောအလုပ် သို့မဟုတ် စာချုပ်ဖြင့်ငှားရမ်းသောအလုပ် သို့မဟုတ် ရံဖန်ရံခါလုပ်ရသောအလုပ် ဥပမာများမှာ -

- သစ်သီးခူးခြင်း
- သီးနှံရိတ်သိမ်းခြင်း
- သိုးမွေးကို စက်ဖြင့်ရိတ်ခြင်း

- ငါးဖမ်းခြင်း
- ဆွေးနွေးအကြံပေးသည့်အလုပ် နှင့်
- ဆောက်လုပ်ရေးလုပ်ငန်းနေရာများတွင် အလုပ်လုပ်ခြင်း တို့ဖြစ်သည်။

## သင် စောင့်ဆိုင်းရန် မလိုအပ်ရခြင်းအကြောင်း

အကယ်၍သင်သည် အောက်ပါအချက်များနှင့်ကိုက်ညီပါက စောင့်ဆိုင်းခြင်းမှ ကင်းလွတ်ခွင့် ရှိပါသည် - သင်

- 12 လထက်ကျော်လွန်ပြီး လုပ်နိုင်မည့်အလုပ် ရှိနေခြင်း
- ရာသီအလိုက် လုပ်ရသောအလုပ်မှအပ သင့်အား ခွင့်ခံစားချက်များပေးသည့် အလုပ်ရှိခြင်း
- သည်ပြန်လည်ထူထောင်ရေး အစီအစဉ်တွင် ပါဝင်ခြင်း
- သင့် jobactive ပံ့ပိုးပေးသူနှင့် Stream C (လမ်းကြောင်း C) ဆိုင်ရာ လုပ်ဆောင်မှု ပြုလုပ်နေခြင်း သို့မဟုတ်
- Community Development Programme (လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် လှုပ်ရှားမှုတစ်ခုခုမှာ ပါဝင်ဆောင်ရွက်နေခြင်း တို့ဖြစ်ပါသည်။

အကယ်၍သင်သည် လွန်ကဲဆိုးဝါးသော ငွေကြေးအခက်အခဲတွေ့ကြုံနေရလျှင် ကျွန်ုပ်တို့က ဤစောင့်ဆိုင်းကာလကို သက်ညှာခွင့် ပေးကောင်းပေးနိုင်သည်။

## အကယ်၍သင်သည် အလုပ်မှထွက်ရန် ရွေးချယ်ဆုံးဖြတ်လျှင် သို့မဟုတ် ကိုယ်ကျင့်တရားပျက်ပြားမှုကြောင့် အလုပ်ပြုတ်ခဲ့လျှင် စောင့်ဆိုင်းချိန်

အကယ်၍သင်သည် အလုပ်မှထွက်ရန် ရွေးချယ်ဆုံးဖြတ်လျှင် သို့မဟုတ် ကိုယ်ကျင့်တရားပျက်ပြားမှုကြောင့် အလုပ်ပြုတ်ခဲ့လျှင် သင့်အနေနှင့် ကျွန်ုပ်တို့ထံမှ ထောက်ပံ့ကြေးမရမီ 8 ပါတ် သို့မဟုတ် 12 ပါတ် စောင့်ရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ ၎င်းကို unemployment non-payment period (အလုပ်လက်မဲ့ ထောက်ပံ့ကြေး မပေးသောကာလ) ဟုခေါ်ပါသည်။

## အကယ်၍သင်သည် မကြာသေးမီက နေရာရွှေ့ပြောင်းပြီး ဤသို့ပြောင်းရွှေ့ခြင်းကြောင့် အလုပ်အကိုင်ရှာဖွေရရှိနိုင်သည့် အခွင့်အရေး နည်းပါးသွားရလျှင် စောင့်ဆိုင်းချိန်

အကယ်၍သင်သည် ထောက်ပံ့ကြေးမလျှောက်ထားမီ ခြောက်လတာကာလအတွင်း နေရာရွှေ့ပြောင်းသဖြင့် သင် အလုပ်အကိုင် ရှာဖွေရရှိနိုင်သည့် အခွင့်အရေး နည်းပါးသွားရလျှင် သင့်အနေနှင့် 26 ပါတ်ကြာ စောင့်ကောင်း စောင့်ရပါလိမ့်မည်။

ဤ moving to an area of lower employment prospects non-payment period (အလုပ်အကိုင် ရှာဖွေရရှိနိုင်သည့် အခွင့်အရေး နည်းပါးသောနေရာသို့ ပြောင်းရွှေ့ခြင်းအတွက် ထောက်ပံ့ကြေးမပေးသောကာလ) သည် အောက်ဖော်ပြပါ ထောက်ပံ့ကြေးများနှင့် သက်ဆိုင်သည် -

- Newstart Allowance (အလုပ်သစ်ရှာစဉ် ထောက်ပံ့ကြေး)
- Youth Allowance (အရွယ်မရောက်သေးသော လူငယ်များကိုပေးသည့် ထောက်ပံ့ကြေး) (အခြား) နှင့်
- Special Benefit (အထူးအခွင့်အရေး) အကယ်၍သင်သည် သတ်မှတ်အမည်စာရင်းပေးထားသော ဗီဇာ ကိုင်ဆောင်သူဖြစ်ပါက

သင် စောင့်ရန် လိုအပ်သည်၊မလိုအပ်သည်ကို ဆုံးဖြတ်ရန် ကျွန်ုပ်တို့က အောက်ဖော်ပြပါအချက်များအပါအဝင် သင့် နေရပ်လိပ်စာဟောင်းနှင့် အသစ်တို့နှင့်ဆိုင်သော အချက်အလက်များကို နှိုင်းယှဉ်ပါသည် -

- အလုပ်အကိုင် ဈေးကွက်ပမာဏ နှင့်
- အလုပ်လက်မဲ့နှုန်း တို့ဖြစ်သည်။

## အကယ်၍သင်သည် လျော်ကြေးပေးငွေ ရရှိခဲ့ပါက စောင့်ဆိုင်းချိန်

အကယ်၍သင်သည် တစ်လုံးတစ်ခဲတည်း လျော်ကြေးပေးငွေ ရရှိခဲ့ပါက Centrelink ထောက်ပံ့ကြေးရနိုင်ရန် စောင့်ကောင်းစောင့်ရပါလိမ့်မည်။ ၎င်းကို compensation preclusion period (လျော်ကြေးပေးငွေအတွက် ထောက်ပံ့ကြေး မပေးသောကာလ) ဟုခေါ်ပါသည်။

သင် စောင့်ရမည့်အချိန်ကာလသည် သင် လျော်ကြေးပေးငွေ မည်မျှရရှိခဲ့သည် ဆိုသည့်အပေါ်တွင် မူတည်ပါမည်။

## ပိုမိုသိရှိရန်

- အင်္ဂလိပ်ဘာသာဖြင့် ပိုမိုသိရှိရန် **humanservices.gov.au** ကိုဖွင့်ပြီး 'waiting periods' ('စောင့်ဆိုင်းချိန်များ') ကို ရှာဖတ်ပါ။
- သင်တို့၏ ဘာသာစကားများဖြင့် အချက်အလက်သိကောင်းစရာများကို ဖတ်ရှုရန်၊ နားထောင်ရန် သို့မဟုတ် ဗီဒီယိုများ ကြည့်ရှုရန် **humanservices.gov.au/yourlanguage** ကိုဖွင့်ပါ။
- Centrelink (စင်တာလင့်ခ်) ထောက်ပံ့ကြေး များနှင့် ဝန်ဆောင်မှုများအကြောင်း ကျွန်ုပ်တို့နှင့်ဆွေးနွေးရန် **131 202** ကို ဆက်ပါ။
- Medicare နှင့် Child Support ထောက်ပံ့ကြေးများနှင့်ဝန်ဆောင်မှုများအကြောင်း ပိုမိုသိရှိရေးအတွက် သင့်ဘာသာစကားဖြင့် ကျွန်ုပ်တို့ကို ဆွေးနွေးနိုင်ရန် **131 450** ရှိ Translating and Interpreting Service (TIS National) (ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှု) ကို ဆက်ပါ။
- ဝန်ဆောင်မှုပေးရာ ဌာနကိုသွားပါ။

မှတ်ချက်။ သင့်အိမ်ဖုန်းမှ ဩစတြေးလျားနိုင်ငံ မည်သည့်နေရာ၌မဆို ရှိသော '13' ဖြင့်စသည့်နံပါတ်များကို ခေါ်ဆိုခြင်းမှာ အခကြေးငွေ ပုံသေသတ်မှတ်ထားသောနှုန်းဖြင့် ပေးရပါသည်။ ထိုနှုန်းသည် ဒေသတွင်းခေါ်ဆိုသောနှုန်းနှင့် ကွာခြားကောင်း ကွာခြားနိုင်ပြီး တယ်လီဖုန်း ဝန်ဆောင်မှုပေးသူများတွင်လည်း တစ်ခုနှင့်တစ်ခု ကွာခြားနိုင်ပါသည်။ သင့်အိမ်ဖုန်းမှ '1800' ဖြင့်စသည့်နံပါတ်များကို ခေါ်ဆိုခြင်းမှာ အခမဲ့ဖြစ်ပါသည်။ ခေါ်ဆိုခြင်းများအများပြည်သူသုံးဖုန်းနှင့် မိုဘိုင်းဖုန်းများမှခေါ်ဆိုခြင်းအတွက် အချိန်ကိုမှတ်သားပြီး ပိုမြင့်သောနှုန်းဖြင့် ကောက်ခံပါသည်။

## ရှင်းလင်းချက်

ဤထုတ်ပြန်ချက်တွင်ပါဝင်သော အချက်အလက်များမှာ ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများအတွက် လမ်းညွှန်သဘွယ်သာ ရည်ရွယ်ပါသည်။ အကယ်၍သင်သည် ထောက်ပံ့ကြေးအတွက် လျှောက်ထားလိုပြီး လျှောက်လွှာတင်လိုပါက သင်၏ သီးခြားအခြေအနေများအပေါ် မူတည်ဆုံးဖြတ်ရန်မှာ သင့်တာဝန်သာ ဖြစ်ပါသည်။

# When you will get your first payment

When you claim a payment from us, you may not get paid straight away.

The time you have to wait is called a waiting period. There are different types of waiting periods depending on your situation and which payment you are claiming.

If you arrived in Australia on an Australian permanent refugee or humanitarian visa, you do not have to wait to claim payments. You can claim immediately.

Our family payments, such as Family Tax Benefit, Child Care Subsidy, Additional Child Care Subsidy, Parental Leave Pay, Dad and Partner Pay and Double Orphan Pension do not have waiting periods. You can claim straight away. You need to meet certain rules to be paid.

## Waiting period if you recently arrived in Australia

If you recently arrived in Australia as an Australian resident, you have to wait 104 weeks before you can get most of our payments and other benefits. This is called the newly arrived resident's waiting period.

You must apply for and be granted an Australian permanent resident visa. The waiting period generally starts from the date your permanent resident visa starts, not from when you arrived in Australia.

If you have lived in a country that has a social security agreement with Australia, you may use this agreement to be eligible for:

- Age Pension
- Disability Support Pension, or
- Carer Payment

To find out if your country has an agreement with us go to **humanservices.gov.au/issa**

**Why you may not have to wait**
You may be exempt from waiting if you:

- are an Australian citizen
- hold a certain visa subclass, or
- are the family member of a refugee or humanitarian migrant.

## One week waiting period

You may need to wait one week for your payments to start if you are claiming:

- Newstart Allowance
- Parenting Payment
- Youth Allowance, or
- Sickness Allowance.

This is called an ordinary waiting period.

**Why you may not have to wait**
You may be exempt from waiting if you:
- reclaim within 13 weeks of getting a payment from us or a Department of Veterans' Affairs Service Pension, or
- have been identified as having significant barriers to finding work

We may waive this waiting period if you are in severe financial hardship because of a personal crisis that happened in the past four weeks. We may need evidence.

## Waiting period if you have savings or other money

If you or your partner have savings or other money over a certain limit, you may have to wait to get your payment. This includes money your employer owes you. We will let you know how long you have to wait when you submit your claim.

This is called the liquid assets waiting period. It applies if you have funds equal to or more than:
- $5 500 if you are single with no dependants, or
- $11 000 if you have a partner, or you are single with dependent children.

This applies for the following payments:
- Newstart Allowance
- Sickness Allowance
- Youth Allowance, and
- Austudy.

**Why you may not have to wait**
You may be exempt from waiting if you:
- or your partner have served this waiting period in the last 12 months
- transfer from one payment to another within 14 days
- qualified for Newstart Allowance after getting another payment
- are:
  - in a rehabilitation program
  - doing a Stream C activity with your jobactive provider, or
  - doing an activity as part of the Community Development Programme.

We may waive this waiting period if you are in severe financial hardship because of unavoidable or reasonable expenses. We may need evidence.

## Waiting period if you got a lump sum payment when you finished work

If your employer paid you a lump sum such as sick leave, annual leave or a redundancy, when you left your job, you may have to wait before you can get a payment from us. This is called an income maintenance period.

The length of time you have to wait depends on the amount you or your partner got paid when you finished work.

This applies for the following payments:

- Austudy
- Disability Support Pension, except if you are permanently blind
- Newstart Allowance
- Parenting Payment
- Sickness Allowance
- Widow Allowance
- Youth Allowance (other)

**Why you may not have to wait**
We may reduce or waive the waiting time if you are in severe financial hardship. This could be because you have used your final payment from your employer to pay unavoidable or reasonable expenses. We may need evidence.

## Waiting period if you recently finished seasonal or contract work

If you or your partner finished seasonal, contract or intermittent work in the six months before claiming, you may have to wait before you can get a payment from us. The length of time you have to wait depends on how much you earned and how long you were working.

This is called the seasonal work preclusion period. It applies for the following payments:

- Austudy
- Carer Payment
- Disability Support Pension, except if you are permanently blind
- Newstart Allowance
- Parenting Payment
- Partner Allowance
- Sickness Allowance
- Special Benefit, if you are a nominated visa holder
- Widow Allowance
- Youth Allowance.

Examples of seasonal, contract and intermittent work:

- fruit picking
- harvesting
- shearing
- fishing
- consultancy work, and
- work on building sites.

**Why you may not have to wait**
You may be exempt from waiting if you:

- have a job that will last more than 12 months
- have a job, other than seasonal work, where they paid you leave entitlements

- are in a rehabilitation program
- are doing a Stream C activity with your jobactive provider, or
- are doing an activity as part of the Community Development Programme.

We may waive this waiting period if you are in severe financial hardship.

### Waiting period if you chose to leave your job or lost it due to misconduct

If you chose to leave your job or lost it due to misconduct, you may need to wait eight or 12 weeks before you can get a payment from us. This is called an unemployment non-payment period.

### Waiting period if you recently moved and it reduced your chances of finding work

If you moved in the six months before claiming and it reduced your chances of getting a job you may have to wait 26 weeks.

The moving to an area of lower employment prospects non-payment period applies to:

- Newstart Allowance
- Youth Allowance (other), and
- Special Benefit as a nominated visa holder

To decide if you have to wait, we compare factors at your old and new addresses, including:

- size of labour markets, and
- unemployment rates

### Waiting period if you have had a compensation payment

If you have had a lump sum compensation payment you may have to wait to get a Centrelink payment. This is called a compensation preclusion period. It applies for most of our payments.

How long you have to wait will depend on how much your compensation payment was.

## For more information

- go to **humanservices.gov.au** and search for ‘waiting periods’ for more information in English
- go to **humanservices.gov.au/yourlanguage** where you can read, listen to or watch videos with information in your languages
- call **131 202** to speak with us in your language about Centrelink payments and services
- call the Translating and Interpreting Service (TIS National) on **131 450** to speak with us in your language about Medicare and Child Support payments and services
- visit a service centre.

Note: calls from your home phone to ‘13’ numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to ‘1800’ numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

## Disclaimer

The information contained in this publication is intended only as a guide to payments and services. It is your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.